

# ရွှန်းထားထား

(ဆေးတက္ကသိုလ်)

## သုခဘုံသို့ အလည်တစ်ခေါက်

Design Lလင်း

# နိဒါန်း

"အခုတော့ မေမေက ဘယ်ကဘယ်လို ပေါ်ပေါက်လာမှန်းမသိတဲ့ ယောကျ်ားတစ်ယောက်ကို
မေမေ့ရဲ့ ငယ်ချစ်ဦးပါဆိုတဲ့ အကြောင်းပြချက်ကလေး တစ်ခုနှင့် လက်ထပ်တော့မယ်ပေါ့။ သမီးနှင့်
မမေ့ကြားမှာ အကြီးအကျယ် အဆီးအတား ဖြစ်တော့မယ်ပေါ့၊ ဟုတ်လားမေမေ"

မိဟေး

"မေတို့ အသက်အရွယ်က ကိုယ့်ရဲ့ နှလုံးသားနှင့် စိတ်ခံစားမှုကို သိပ်ရှေ့တန်းတင်နေလို့ တော့
မဖြစ်တော့ဘူးလေ၊ သမီးက သူ့ဘဝတစ်လျှောက်လုံး လူဆက်လုပ်ရဦးမှာ ၊ သမီးရဲ့ နှလုံးသားမှာ
ဘယ်လိုဒဏ်ရာအနာတရမျိုးမှ မေ့ကြောင့်မရစေချင်ဘူးလေ"

မေမြမဒီ

"ကိုယ့်ဘဝမှာ မိန်းမတော်တော်များများ နဲ့ ပတ်သက်ခဲ့ဖူးတယ်၊ အထူးသဖြင့် ကိုယ့်ထက်

အသက်ပိုကြီးတဲ့ မိန်းမမျိုးတွေနဲ့ ကိုယ် ပိုပြီးတော့ ရှုပ်ထွေးပတ်သက်ခဲ့
ဖူးတယ်၊
အဲဒါဘာကြောင့်လဲလို့ တော့ ကိုယ် မပြောတတ်ဘူး၊ ကိုယ့်ရဲ့ ဝဋ်ကြွေးတ
စ်ခုလည်း
ဖြစ်ချင်ဖြစ်မှာ ပေါ့"

ပြာလွင်မိုး

"သိပ်ချစ်တာပေါ့ မြတ်သောခင်ရယ် ကိုယ်တို့ ဟိုး...ငယ်ငယ်လေးကတည်းက ချစ်လာခဲ့ကြတာ ၊ချစ်သူဘဝမှာ လည်း တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး attach ဖြစ်ကြတယ် ။

ဘယ်လိုပြောရမလဲ ကိုယ်တို့ နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်ပဲ ။ တစ်ယောက်ကိုတစ်ယောက်လည်း အရမ်းနားလည် ငဲ့ညှာခဲ့ကြတယ် ။ အင်း..ပြောရရင် ကံကြမ္မာကြောင့်ပေါ့ကွာ ။ သူ့မှာ ရော ကိုယ့်မှာ ပါ တစ်ကယ်တော့ အပြစ်မရှိတော့ပါဘူး ၊ ကံကြမ္မာက ကိုယ်တို့ ကို ပေါင်းစပ်ခွင့် မပေးသေးလို့ သာ ကိုယ်တို့ ပေါင်းခွင့် မကြုံသေးတာပေါ့ ။

ဒါပေမဲ့ ကိုယ်ယုံကြည်တယ် ။ ကိုယ့်ရဲ့ မေတ္တာ ၊ ပြီးတော့ သူ့ရဲ့ မေတ္တာ စစ်မှန်တယ်ဆိုရင် တစ်နေ့နေ့တော့ ကိုယ်တို့ ပေါင်းရမှာ ပါ ။ အဲ့ဒီနေ့ဟာ ဘယ်နေ့ပဲဖြစ်ဖြစ်ပေါ့ ။

ဆံဖြူ သွားကြွေတဲ့ အရွယ်ရောက်အောင် ကိုယ်တို့ အချစ်က ပြောင်းလဲသွားတော့မှာ မဟုတ်ဘူး ။

အချစ်ဆိုတာ အသက်အရွယ်နဲ့ လိုက်ပြီးတော့ ပြောင်းလဲသွားတာတော့ အမှန်ပဲ ။ဥပမာကွာ..ကိုယ်တို့ ဟိုး...ငယ်ငယ်ကလေးဘဝတုန်းက ကိုယ်နှင့် ကိုယ်ရဲ့ ချစ်သူဟာ တစ်ယောက်ကိုတစ်ယောက် ကစားဖော် ကစားဖက် အဖြစ်တွယ်တာကြတယ် ။

အရွယ်တဖြည်းဖြည်း ရောက်လာတဲ့ အခါကြတော့ ကိုယ်တို့ နှစ်ယောက်ရဲ့ သံယောဇဉ်က တဖြည်းဖြည်းနက်ရှိုင်းခိုင်မာလာသလို တစ်ယောက်ကိုတစ်ယောက် လိုအပ်လာပုံကလည်း တဖြည်းဖြည်းထူးဆန်းလာတယ် ။

တစ်ယောက်နှင့်တစ်ယောက် မတွေ့ရရင် မနေနိုင်လောက်အောင် မွတ်သိပ်ပြင်း ပြလာတယ်။ မျက်နှာကလေး မြင်နေရရင် ကျေနပ်ပျော်ရွှင်နေတဲ့ ပီတိ မျိုးကို ခံစားရတယ် ။

သူက လွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတဲ့ သစ္စာနှင့် ခိုင်မြဲမှုကလည်း အဲ့ဒီအရွယ်မှာ အရူးအမူးသာ ဖြစ်လာတယ်။

အဲ့ဒါပြီးတော့ အသက်နှစ်ဆယ်ကျော် အရွယ်ရောက်တော့ ကိုယ်တို့အချစ်တွေက တဖြည်းဖြည်းနဲ့ လေးနက်တည်ငြိမ်လာတယ်။

ဘဝတစ်ခုကို အတူတကွ ပေါင်းစည်းတည်ထောင်ကြဖို့ စိတ်ကူးတွေယဉ်လာတယ် ။ တစ်ယောက်ကိုတစ်ယောက် တပ်မက်လာတယ် ။

တစ်ယောက် မရှိရင် နောက်တစ်ယောက်ရဲ့ ဘဝ မရပ်တည်နိုင်တော့သလို ကိုယ်တို့ နှစ် ယောက် သိပ်ကို ကူးယှက်ငြိတွယ်လာခဲ့ကြတယ် ။

ဒါပေမဲ့ ..ကိုယ်တို့ နှစ်ယောက် အကြောင်းအမျိုးမျိုးကြောင့် ဝေးသွားတော့လည်း တစ်ယောက်ကိုတစ်ယောက် မုန်းတီးတာ ၊ နာကြည်းတာ မရှိဘူး။

ကိုယ်တို့ နှစ်ယောက်ရဲ့ ရင်ထဲမှာ တစ်ယောက်စိတ်ချမ်းသာစေဖို့ ၊စိတ်မဆင်းရဲစေဖို့ နားလည်ငဲ့ညှာစိတ်မျိုးပဲ ကိုယ်တို့ မှာ ရှိတယ်.။

အဲ…နောက် ကိုယ်တို့ အကြာကြီးပဲ ဝေးသွားခဲ့ကြတယ် ။ အခု ကိုယ်

တို့ ပြန်တွေ့ချိန်မှာ ကိုယ်တို့ နှစ်ယောက်လုံး အသက်လေးဆယ် အရွယ်တွေ ရောက်နေကြပြီ ။

ဒီအရွယ်မှာ ပြန်တွေ့တော့လည်း ကိုယ်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နိုင်သေးတာပဲ။ အဲ့ဒီအချစ်က ပိုပြီးတော့ သိမ်မွေ့နက်ရှိုင်းလာတယ် ။ ပိုပြီးတော့ အဓိပ္ပါယ် ရှိလာတယ် ။

ဘဝမှာ သူရှိနေရင် အားလုံးပြည့်စုံသွားပြီဆိုတဲ့ ခံစားချက်ကို သူရော ကိုယ်ပါ ခံစားရ တယ်။

သူ ရှိနေခြင်းဆိုတဲ့ အဖြစ်ကသာ ကိုယ်တို့ နှစ်ယောက်အတွက် အရေးကြီးဆုံးဖြစ်လာတယ် ။

ဒီအချိန်မှာ ကိုယ်တို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယာက် အပြန်အလှန် လေးစားကြတယ် ၊ နားလည်ကြတယ် ။ သူ့ရဲ့ အခက်အခဲတွေကို ကိုယ်က ဖြေရှင်းပေးချင်သလို ကိုယ့်ရဲ့ အောင်မြင်မှုတွေ ၊ စိတ်ခံစားမှုတွေကိုလည်း သူက မျှဝေ ခံစားပေးတယ် ။

ဒီအရွယ်မှာ ကိုယ်တို့ ရဲ့ အဓိက လိုအပ်ချက်ဟာ တစ်ယောက်ကိုတစ်ယောက် မျှဝေခံစားပေးနိုင်ခြင်းဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးစွမ်းနိုင်တဲ့ အဖော်ရှိဖို့ ပဲ။

ပုံစံကလေးတွေသာ တစ်ဖြည်းဖြည်းပြောင်းလဲသွားတယ် ၊ အချစ်ကတော့ ဘယ်တော့မှ ပြောင်းလဲမသွားဘူး ။ အဲ့ဒီလိုပဲ ကိုယ်တို့ တစ်တွေ အသက် ငါးဆယ်ကျော် ခြောက်ဆယ် အရွယ်တွေ ရောက်သွားရင်လည်း တစ်ယောက်ကိုတစ်ယောက် ဆက်ချစ်နေကြဦးမှာ ပဲ ။

ပုံစံလေးကတော့ ပြောင်းလဲသွားမှာ ပေါ့..။ အဲ့ဒီအချိန်ကျတော့ အချစ်ဆိုတဲ့ အရာကနေ မေတ္တာဆိုတဲ့ ဘက်ကို တစ်ဖြည်းဖြည်း ကူးပြောင်း

သွားလိမ့်မယ် ...လို့ ကိုယ်ထင်တယ်..။ မင်းနားလည်ရဲ့ လား ”

နေလင်းရုံ

လူတွေဟာ ဘဝတစ်သက်တာမှာ တစ်ချိန်တော့ သုခဘုံဆီ အလည် တစ်ခေါက်တော့ ရောက်ဖူးကြပါလိမ့်မယ်။ အဲ့ဒီ သုခဘုံဆိုတာ လူတစ်ယောက်ကို စုံစုံမက်မက် မြတ်နိုးငြိတွယ်နေသော ချစ်ခြင်းဆိုသော ခံစားချက်နှင့် ထိတွေ့ခံစားမိသော အချိန် တစ်ခဏလေးပဲဖြစ်ပါသည် ။ တစ်ချို့ကတော့ သူတို့ ချစ်သော ချစ်သူတွေနှင့် ဘဝတစ်သက်တာလုံး လက်တွဲပေါင်းစည်းခွင့် ရကြသည် ။ တချို့တလေကျတော့ ကံဆိုးမိုးမှောင်ကျကာ ချစ်ခြင်းဆိုသော ခံစားချက်ကို တစ်ခဏတာသာ ခံစားခွင့်ရှိပြီး ချစ်သူကို အပြီးအပိုင် လက်လွှတ်ဆုံးရှုံး လိုက်ရလေသည် ။

မိဟေးကတော့ ဒုတိယ အမျိုးအစားတွင် ပါဝင်ပါလိမ့်မည်။ ဘာဖြစ်လို့ လဲ ဆိုတော့ မိဟေး ဘဝတွင် သုခဘုံတစ်ခုပမာ သိပ်ကို ခံစားငြိတွယ်ဖွယ်ကောင်းသော အချစ်ဆိုသော အရာကလေးနှင့် ထိတွေ့မိလို့ ထိတွေ့မှန်းတောင် မသိလိုက်ရခင် မှာ ထိုအချစ်ကို လက်လွှတ်ဆုံးရှုံးပြီးသား ဖြစ်နေသောကြောင့် ဖြစ်ပါသည် ။

*

# အခန်း (၁)

ကားဂိတ်သို့ ရောက်သည့်တိုင် မိဟေး၏ စိတ်တွေ မငြိမ်မသက် လှုပ်ရှားလျှက်ရှိသည် ။

ဒါသည် ဘဝမှာ ပထမဆုံးသော စွန့်စားခြင်းပင် ။ အမေ့ရင်ခွင်ကို ပုန်ကန်လျက် သူငယ်ချင်းတွေနှင့် အတူ ဘဝ သစ်တစ်ခုဆီသို့ ထွက်ပြေးခဲ့ခြင်း ဖြစ်သည် ။

ကားဂိတ်မှာ သူငယ်ချင်းတွေ စုံနေပြီ ။ သူတို့ အားလုံး မိဟေးကို စောင့်လျှက်ရှိသည် ။

“မိဟေးရယ် နောက်ကျလိုက်တာ ၊ ဘယ်လိုဖြစ်နေတာလဲ …”

“ဒီလောက်တော့ ရှိမှာ ပေါ့ဟယ် ၊ငါက မေမေ မသိအောင် ထွက်လာရတဲ့ သူ ၊ နင်တို့ အား လုံးက မိဘတွေရဲ့ ခွင့်ပြုချက်နဲ့ ထွက်ခွင့်ရတာလေ …ဒီလောက်တော့ စိတ်ရှည်ရမှာ ပေါ…”

“ ကဲ..ကဲ …ကားထွက်တော့မယ် ၊ ကားပေါ်တက်ကြစို့ …”

မိဟေးတို့ မှာ စုစုပေါင်း သူငယ်ချင်း ငါးယောက် ရှိလေသည် ။ အဲဒီ ငါးယောက်စလုံးသည် ဟိုး သူငယ်တန်းကလေးဘဝ တည်းကစပြီး ၁ဝ တန်းအောင်ပြီးတဲ့ အချိန်ထိ တတွဲတွဲ မခွဲမခွာ ရှိခဲ့ကြသော သူငယ်ချင်းတွေလည်း ဖြစ်ကြသည် ။

ရန်ဖြစ်လိုက် ၊ မခေါ်လိုက် ၊ မတည့်လိုက်နှင့် သံသရာလည်နေကာ

တစ်ယောက်ကို တစ်ယောက် မခွဲနိုင် မခွာရက်ကြသော သူငယ်ချင်းများလည်း ဖြစ်ကြသည် ။

အခု မန္တလေးကနေ ရန်ကုန်ကို ဆင်းမဲ့ ခရီးစဉ်ကလည်း တစ်ကယ်တမ်းတော့ မိပေးကြောင့် ဖြစ်သည် . ။ မေမေနှင့် အကြီးမားဆုံးသော ပဋိပက္ခတစ်ခုကို ရင်ဆိုင်ပြီးနောက် မိပေးသည် အိမ်မှာ နေချင်စိတ်လုံး၀ မရှိတော့ချေ။ မေမေ့ကိုလည်း ရင်မဆိုင်ချင် ။ အထူးသဖြင့် ဦးနေလင်းရုံဆိုသော လူတစ်ယောက်ရှိရာ ရန်ကုန်မြို့ဆီသို့အမိက သွားချင်သူမှာ မိပေးသာ ဖြစ်သည် ။

မိပေး၏ အလိုကိုလိုက်ပြီး သူငယ်ချင်းတွေက မိပေးနှင့် အတူ ရန်ကုန်သို့ အတူ တူလိုက်ဖို့ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည် ။

ကျန်တဲ့ သူငယ်ချင်းတွေရဲ့ မိဘတွေကတော့ မိပေးတို့ ငါးယောက်ဒီလိုပဲ အမြဲတမ်း အတူတကွ ခရီးထွက်လေ့ ရှိကြသဖြင့် ထူးထူးခြားခြား ပိတ်ပင်တားဆီးကြခြင်း မရှိကြပဲ အလွယ်တကူပဲ ခွင့်ပြုခဲ့ကြလေသည် ။

မိပေးကတော့ မေမေနှင့် ပြသနာတစ်ခုကို အကြီးအကျယ် ပဋိပက္ခဖြစ်ကာ တိုက်ပွဲ ၀င်ခဲ့သူမို့ မေမေ့ဆီမှာ ခွင့်ပင်မတောင်းတော့ပဲ မေမေ့ကို အသိမပေးပဲ အိမ်မှာ ထွက်လာခဲ့ခြင်း ဖြစ်၏။

ကားပေါ်သို့ ရောက်ချိန်တွင် ထုံးစံအတိုင်း သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဆူညံလျက်ရှိ၏ ။

မိပေးတို့ အားလုံး အသက်နှစ်ဆယ်စွန်းစွန်းကလေးတွေချည်း ဖြစ်သည် ။

မန္တလေးတက္ကသိုလ်မှာ ပင် အတူတကွ ကျောင်းတက်ခဲ့ပြီးနောက်

ဘွဲ့တစ်ခုစီလည်း ရခဲ့ပြီးပြီ ။ ကျောင်းပြီးချိန်မှာ မိဟေးတို့ ထူးထူးခြားခြား ဘာအလုပ်မှ မလုပ်ဖြစ်ကြသေး ။ ငါးယောက်စလုံး က အမြဲတမ်း ဝါသနာတူ ၊ အကြိုက်တူလေ့ရှိကြသူချင်းမို့ Beauty Soloon တစ်ခု စပ်တူရှယ်ယာဖွင့်ဖို့ စီစဉ်နေကြတုန်းပဲဖြစ်သည် ။

အဲဒီအချိန်မှာ မိဟေး၏ ပြဿနာက ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည် ။ ကားက စတင်၍ ထွက်ခွာသွားလေသည် ။

“မိဟေး ရယ်...ညည်း အဲဒီလိုချည်း ငူငူငိုင်ငိုင်ကြီး လုပ်မနေစမ်းပါနဲ့ ။ညည်းရဲ့ ပြဿနာလည်း ကျုပ်တို့ အားလုံး ပြဿနာပဲ ။ ညည်းဖြစ်စေချင်တဲ့ ပုံစံအတိုင်း အဲဒီပြဿနာကို ကျုပ်တို့ ဝိုင်းပြီး ကူညီဖြေရှင်းပေးမယ် ဟုတ်ပြီလား ၊ ပျော်ပျော်ပဲနေစမ်းပါ ၊ ဘာမှ စိတ်မပူနဲ့ ...ဦးနေလင်းရုံ ဆိုတဲ့ လူကြီးနဲ့ ညည်းမေမေနဲ့ လက်မထပ်ဖြစ်ရင် ပြီးရောမှ လား ။ သူတို့ နှစ်ယောက် ခွာပြဲ သွားကြဖို့ ကျုပ်တို့ အစွမ်းကုန် စီစဉ်ကြတာပေါ့ ။ ပြုံးစမ်း...ပြုံးစမ်း မျက်နှာကြီးကို အဲလိုကြီး ပုတ်သိုးမနေနဲ့ တကတဲမှ ပဲ...”

“မိဟေး...ညည်းပြောတော့ အဲဒီဦးနေလင်းရုံနဲ့ ညည်းမေမေနဲ့ က ငယ်ချစ်ဟောင်းတွေဆို ....”

“အေးပေါ့...ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာတဲ့ ။အဲဒီ ငယ်ချစ်တွေကြောင့်ပိုဆိုးတာပေါ့။ အခု မေမေ့ အသက်က လေးဆယ်တောင် မပြည့်သေးဘူး ။ ကျုပ်နဲ့ ဆို လမ်းထွက်သွားရင် ညီအစ်မတွေလိုပဲ ။ အရမ်းကို ငယ်ရွယ်နုပျိုနေတာ ။ အဲဒီ ဦးနေလင်းရုံဆိုလဲ မေမေနဲ့ ရွယ်တူပဲ ။ သူတို့ အချိန်မရွေး ယူလို့ ရတယ်ဟာ ။ အဲဒါတွေကို ကျုပ်မခံစားနိုင်တာ ။ မေမေ့ကို ဖေဖေက လွဲပြီး ဘယ်ယောကျ်ားတစ်ယောက်နဲ့ မှ ထပ်ပြီး မဖြစ်စေချင်တော့ဘူး ။ ဦးနေလင်းရုံဆိုတာ မေမေ့ရဲ့ ပထမဆုံး

အချစ်ဦးတဲ့ ။ မေမေ ကိုယ်တိုင်ပဲ ပြောတာ ။ အဲဒီစကားကို ပြောတုန်းက မေမေ့ရဲ့ မျက်လုံးတွေမှာ မနာလိုစရာကောင်းလောက်အောင် သိပ်ကို ရွှန်းလဲ့ တဲ့ အရည်ကြည်လေးတွေ ဖြာနေတာပဲ..”

မိဟေးသည် အာရုံထဲမှာ မေမေ့ရဲ့ ဝိုင်းစက်ရွှန်းမြသော မျက်လုံးများကို ပြန်မြင်ယောင်လာသည် ။ ပြီးတော့ မေမေ့ရဲ့ သူမတူအောင် နူးညံ့ချိုသာနေသော အသံကလေးကို ပြန်လည်ကြားယောင်လာသည် ။

“မိဟေးရယ် သမီးကို မေမေ ပြောရမလဲ ။ မေမေနဲ့ သူဟာ ဟို..ငယ်ငယ်ကလေးတည်းက ကစားဖော် ကစားဖက်တွေ ။အတူတူ ကြီးပြင်းလာကြတာ ။ အရွယ်ရောက်လာတော့လည်း တစ်ယောက်နဲ့ တစ်ယောက် ရင်ခုန်သံချင်း ပေါင်းစည်းခဲ့ကြတယ် ။ မေမေတို့ နှစ်ယောက် သိပ်ကိုချစ်ခဲ့ကြတယ် မိဟေးရယ် ။ ချစ်ခဲ့တာမှ တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး ချစ်မတတ်ပါပဲ။ အဲဒီတုန်းက ရိုမီယိုနဲ့ ဂျူးလီးယက်တောင် မေမေတို့ ကို အရှုံးပေးရလိမ့်မယ် ။ တစ်ယောက်ရဲ့ စိတ်ကို နောက်တစ်ယောက်က အလိုလို သိနေသလိုပဲ။ မေမေတို့ နှစ်ယောက်ဟာ တစ်သားတည်းလိုပဲ သိပ်ချစ်ခဲ့ကြတယ် ။ ဒါပေမဲ့ သမီးရယ် မေမေတို့ အကြောင်းအမျိုးမျိုးကြောင့် ဝေးခဲ့ကြရတယ် ။ မေမေတို့ ဘယ်ဝေးချင်ပါ့မလဲ ။ ဒါပေမဲ့ ..သူရော ၊ မေမေပါ တစ်ယောက်ကို တစ်ယောက် နားလည်စွာနဲ့ လမ်းခွဲခဲ့ကြတာ ။ အဲဒီနောက်မှာ မေမေနဲ့ သမီးဖေဖေ လက်ထပ်ကြတဲ့ အချိန်ကစပြီး သူပျောက်သွားလိုက်တာ ။ ဘယ်မှာ မှ ရှာလို့ မတွေ့တော့ဘူး ။ အခုမှ မေမေတို့ ပြန်တွေ့ကြတယ် သမီး။ တစ်ကယ်တမ်း ဝန်ခံရရင် မေမေတို့ ပြန်တွေ့ခဲ့ကြတာ ခြောက်လတောင် ရှိပြီ သမီး ။ သမီးကို ဖွင့်ပြီး အသိပေးဖို့ မေမေ နှုတ်ဆွံ့နေတာ ”

“မေမေတို့ က မိဟေး မသိအောင် ချိန်းချိန်းတွေ့နေကြတယ်ပေါ့လေ

..”

မိဟေးသည် မနာလိုခြင်းကြီးစွာဖြင့် ဒေါသတကြီး အော်ပြောမိလေသည်။ မေမေက အပျိုစင်လေးတစ်ယောက်၏ အပြုံးမျိုးပြုံးကာ....

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ မေမေတို့ အရွယ်တွေက ချိန်းတွေ့ကြရမဲ့ အရွယ်မှ မဟုတ်တာ။ ပြန်တွေ့ကြတဲ့ အချိန်မှာ မေမေတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အရမ်းကို နားလည်နေကြတယ်။ မေမေကသာ အိမ်ထောင်ပြုခဲ့ပြီး သမီးတစ်ယောက် ရနေပေမဲ့ နေလင်းရုံကတော့ အခုထက်ထိ အိမ်ထောင်မကျသေးဘူးသမီး။ အဲဒီတော့ မေမေတို့ နှစ်ယောက် လွတ်လပ်တဲ့ ငယ်ချစ်ဦးတွေလည်း ဖြစ်တော့ ပြန်ပြီး ဆုံစည်းမိကြတယ်ပေ့ါကွယ် .....သမီးကို မေမေ ပြောချင်တာက မေမေတို့ အရွယ်မှာ နှလုံးသားကို အလိုလိုက်ရမဲ့ စိတ်ခံစားမှုမျိုး မရှိသင့်တော့ပေမဲ့ သမီးရဲ့ ရှေ့ရေး ၊ မေမေရဲ့ ဘ၀ လုံခြုံ စိတ်ချဖို့ အရေး မေမေ သူနဲ့ လက်ထပ်ချင်တယ် သမီးရယ် ”

“ဟင့်အင်း....လက်မထပ်ရဘူး မေမေ။ မေမေ့ကို သမီး ဘယ်ယောက်ျားနဲ့ မှ မပေးစားနိုင်ဘူး။ သမီး ပထွေးမလိုချင်ဘူး မေမေ။ မေမေ သိပါတယ်၊ မေမေ့ကို သမီး ဘယ်လောက် သ၀န်တိုလဲ ဆိုတာ။ တခြားယောက်ျားတွေ ကြည့်ရင်တောင်မှ မခံနိုင်တဲ့ သမီးပါ မေမေရဲ့ ....အခုတော့ မေမေက ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ယောက်ျားတစ်ယောက်ကို မေမေရဲ့ ငယ်ချစ်ဦး ပါဆိုတဲ့ အကြောင်းပြချက်လေး တစ်ခုနဲ့ လက်ထပ်တော့မယ်ပေ့ါ။ သမီးနဲ့ မေမေ့ ကြားမှာ အကြီးအကျယ် အတားအဆီး ဖြစ်တော့မယ်ပေ့ါ၊ဟုတ်လား မေမေ ”

“မဟုတ်သေးပါဘူး သမီးရယ်။ မေမေ ပြောတာကို သေသေချာချာ နားထောင်စမ်းပါ။ အဲဒီ ဦးနေလင်းရုံနဲ့ တွေ့ကြည့်လိုက်ပါ။ သမီး သ

ဘောကျမှာ ပါ သမီး ရယ် ။ သူကလည်း သမီးနဲ့ တစ်ခါမှ မဆုံသေး တော့ သမီးနဲ့ ဆုံဖူးချင်တယ် ”

“မေမေ တို့ ဘယ်လို တွေ့ကြတာလဲ ..”

“သူက ရန်ကုန်မှာ နေတာ သမီးရဲ့ ။ ဒါနဲ့ သောကြာနေ့တိုင်း သူ မေမေ့ ဆီ လာတွေ့လေ့ ရှိတယ် ”

“သူ သမီးကို မြင်ဖူးသလား မေမေ ”

“မြင်တော့ မမြင်ဖူးသေးဘူး သမီး ”

“သမီး ရဲ့ ဓါတ်ပုံတွေ ဘာတွေကော သူ့ကို မေမေ ပြမိသေးလား ”

“ဟင့်အင်း သမီး ၊ မေမေ မပြဖြစ်သေးဘူး ။ မေမေ ဖြစ်စေချင်တာ က အခုလာမဲ့ စနေနေ့မှာ သမီးနဲ့ သူ့ကို မေမေ လူချင်းဆုံပေးချင်တယ် ။ သမီး စိတ်တိုင်းကျ လေ့လာပါ သမီးရယ် ။ သမီး လက်ခံနိုင်တယ်ဆိုမှ မေမေ သူ့ကို လက်ထပ်ဖို့ ခေါင်းညိတ်မှာ ပါ ”

“အခုတည်းက သမီး အဖြေပေးထားတယ်လေ မေမေ ။သမီး လုံးဝ လက်မခံဘူး ။ သဘော မတူနိုင်ဘူး ။ မေမေ့ ကို ဘယ်ယောကျ်ားနဲ့ မှ သဘောမတူဘူးလို့ သမီး ပြောထားပြီးပြီ ”

“သမီး..... မိပေး ...အဲဒီလို တစ်ယူသန် တစ်ဇွတ်ထိုး ခေါင်းမာမှုမျိုး ဟာ သမီးရဲ့ ဖေဖေ နဲ့ တစ်ထေရာတည်းပဲ ။ အဲဒီ တစ်ယူသန် တစ်ဇွတ် ထိုးတွေကြောင့် သမီးဖေဖေနဲ့ မေမေ အမြဲတမ်း ပြဿနာတွေ ဖြစ်ခဲ့ကြ ရတာ ။ သမီး မေမေ့ စကားကို နားထောင်စမ်း ။ သမီး သူနဲ့ တွေ့လိုက်ပါ ”

“တွေ့တော့ကော ဘာအကြောင်း ထူးမှာ မို့လို့ လဲ မေမေ ၊ သမီး ပြောပြီးသားပဲ၊ သမီး လုံးဝ သဘောမတူဘူးဆိုတာ ”

“မိဟေး..မေမေ တစ်ခုပြောမယ်၊ မိဟေးရဲ့ ဆန္ဒမပါဘဲ တော့ မေမေ ဘာတစ်ခုမှ အတင်းအကျပ် မလုပ်ချင်ပါဘူး ၊ ဒါပေမဲ့ မိန်းမတစ်ယောက်တည်း စီးပွားရေး လောကမှာ ရုန်းကန်ကျင်လည်နေရတဲ့ မေမေ့ဘ၀မှာ အနှောင့်အယှက်တွေ အန္တရာယ်တွေ ဝိုင်းနေတယ် သမီး ”

“အဲဒါတွေကို သမီး စိတ်ညစ်အောင် မေမေ အသေးစိတ်ပြောမပြချင်တော့ဘူး ၊ ဒါနဲ့ မေမေနဲ့ သမီးနဲ့ နှစ်ယောက်တည်း ရပ်တည်နေရတဲ့ ဘ၀မှာ မေမေ အားကိုးစိတ်ချရတဲ့ ယောကျ်ားတစ်ယောက်တော့ ရှိသင့်တယ်၊ အဲဒီယောကျ်ား ဟာလည်း မေမေ သိပ်ချစ်ရတဲ့ မေမေ ရဲ့ အချစ်ဦး ယောကျ်ား ပဲဖြစ်ချင်တယ် ”

ထိုစကားကိုပြောပြီးမေမေ့ မျက်နှာသည် နှင်းဆီဖူးလေး တစ်ဖူးလို ပန်းသွေးရင့်ရင့် သမ်းသွားခဲ့ပါသည် ။

မိဟေးသည် မေမေ့ဆီမှာ အဲ့ဒီလို ထူးဆန်းအံ့ဩဖွယ်ကောင်းသော ပြောင်းလဲခြင်းကို မြင်တွေ့ရသည် ကိုပင် မကျေမနပ် သ၀န်တိုခြင်း ဖြစ်လျှက်ရှိသည် ။ မေမေ ရဲ့ နှလုံးသားက မေမေရဲ့ ဘ၀၊ မေမေရဲ့ ခံစားမှု အဲဒါတွေ အားလုံးကို လွမ်းဆွတ်တမ်းတခြင်းဆိုတဲ့ အခြေအနေတစ်ခုဆီကနေ လုံး၀ပြောင်းလဲယူပစ်လိုက်သူဟာ ဦးနေလင်းရုံ ပဲပေါ့ ။ ကောင်းပြီ တွေ့ကြသေးတာပေါ့ ဦးနေလင်းရုံ ရယ်။

“အဓိကကတော့ မေမေ ယောကျ်ား ယူချင်နေတာပဲ မဟုတ်လား ”

မိဟေး က ရုတ်တရက် နာကြည်းသွားသော အသံဖြင့် မေမေ့ကို နာအောင် ပြောလိုက် လေသည် ။

မိဟေး ရဲ့ စကားကြောင့် မေမေ တော်တော်ကလေး ရှက်ကာ နားလည်း နာသွားပုံရပါသည် ။

"တော်စမ်း မိဟေး ၊ အဲဒီစကားမျိုးကို မေမေ့ကို နောက်တစ်ခါ မပြောနဲ့ ဒါ သမီးက အမေ ကို ပြောရမဲ့ စကားလား ။ မေမေ့ ဘဝကို မေမေ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ် ။ ဒါပေမဲ့ မေမေ့မှာ သမီးတစ်ယောက် ရှိနေတဲ့ အတွက် အဲဒီ သမီးကိုလည်း ရှေ့တန်းတင် နေရာပေးဖို့ လိုတယ်လို့ မေမေ ယူဆ လို့ မိဟေးဆီမှာ မေမေ ခွင့်ပြုချက်တောင်းနေတာ ...မေမေသာ စိတ်ခံစားမှုနောက်ကို အလိုလိုက်ခဲ့ရင် နေလင်းရုံနဲ့ မေမေ ပေါင်းဖြစ်ခဲ့ကြတာ ကြာလှပြီ ။ အခု မေမေ ပြောနေတာ ယောကျ်ားယူချင်တဲ့ ကိစ္စ မဟုတ်ဘူး မိဟေး ။ မေမေ နဲ့ သမီး ရဲ့ ဘဝတစ်ခုလုံးအတွက် တကယ်လိုအပ်နေတာ "

"မလိုပါဘူး ၊ မလိုပါဘူး မေမေ ၊ မေမေကသာ ဇွတ်လိုချင်နေတာ ။ သမီးအတွက် ဘာအဖော်မှ မလိုအပ်ဘူး ။ သမီးအတွက် မေမေ ရှိရင် ပြီးတယ် ။ သမီးအတွက် ပထွေး မလိုဘူး မေမေ "

"မိဟေးရယ် ....ပြောရသိပ်ခက်ပါလား၊ မေမေ့ကို မိဟေး နားမလည်ဘူး "

"မေမေလည်း မိဟေးကို နားမလည်ပါဘူး ။ မေမေ ဖြစ်ချင်နေတာ တစ်ခုကို ပဲ မေမေ သိတယ် ၊ အခုချိန်မှာ မေမေစိတ်ထဲမှာ မေမေ့ ရင်ထဲမှာ မိဟေး မရှိဘူး ၊ အဲဒီ ဦးနေလင်းရုံ ဆိုတဲ့ လူပဲ ရှိနေတယ် မဟုတ်လား ...သမီးသိတယ် မေမေ ၊ မေမေ ဇွတ်လုပ်တော့မှာ ။ မေမေ သမီးကို အသိပေးရုံပဲ အသိပေးနေတာ ။ ဟုတ်တယ် မဟုတ်လား ။ မေမေ ဆုံးဖြတ်ပြီးသွားပြီ မဟုတ်လား ၊ အဲဒီလူကို မိဟေး သဘောတူသည် ဖြစ်စေ ၊ သဘော မတူသည် ဖြစ်စေ မရ ရအောင် လက်ထပ်တော့မယ် မဟုတ်လား .....မိဟေး လုံးဝ သဘောမတူဘူး မေမေ ၊ လုံးဝ မကျေနပ်ဘူး "

မိဟေးသည် အားပါးတရ အာခေါင်ခြစ်လျှက် အော်ကာ မေမေ့ ရှေ့မှ ပြေးထွက်ခဲ့လေသည် ။ အဲဒါ မေမေ့နှင့် နောက်ဆုံး မျက်နှာချင်းဆိုင်ခြင်းပဲ ။

အဲဒီနောက်တော့ မိဟေးသည် မေမေ့ကို ရှောင်နေခဲ့သည် ။မေမေ အပြင်ထွက်သော အချိန်မှာ မေမေ ရဲ့ အခန်းထဲ ဝင်ရောက်မွှေနှောက်ရှာဖွေခဲ့၏။ မိဟေး လိုချင်နေသော သဲလွန်စ များကိုလည်း ရခဲ့ပါသည် ။ မေမေ့ ရဲ့ ဒိုင်ယာရီ ဟောင်း စာအုပ်တစ်အုပ် ။ ပြီးတော့ ဦးနေလင်းရုံ ဓါတ်ပုံနဲ့ သူ့ရဲ့ ရန်ကုန်ရှိ လိပ်စာကဒ်လေးတစ်ခုဖြစ်သည် ။

မိဟေး အိမ်ကနေ ထွက်မလာခင်မှာ မိဟေး၏ ဓါတ်ပုံတွေ တစ်ပုံမှ အိမ်မှာ မကျန်ရစ်ခဲ့လေအောင် အားလုံးသိမ်းဆည်းခဲ့လေသည် ။ အဓိကကတော့ မိဟေးဘယ်သူဘယ်ဝါ ဆိုတာ ဦးနေလင်းရုံကို မမှတ်မိစေလိုသောကြောင့်ဖြစ်သည် ။

“ဟဲ့...မိဟေး...ဟေ့ ...မိဟေး...ဘယ်လိုများ ဖြစ်နေတုန်း ။ ငုတ်တုတ်ကြီး အသက်များ ပျောက်သွားပြီလား ။ ဘာတွေ တွေးနေတာလဲ ၊ ဒီမှာ ကြက်ကြော်စားမလားလို့ မေးနေတာ ကြာလှပြီ ”

သူငယ်ချင်းတွေ၏ အသံကို ပြန်ကြားရမှ ပင် မိဟေး၏ စိတ်တွေ ကားပေါ် သို့ပြန်လည်ရောက်ရှိလာခဲ့လေသည် ။

“ကျုပ် အကြံတစ်ခုရှိတယ် မိဟေး ။ ရှင့်အမေနဲ့ ဦးနေလင်းရုံ တို့ အတွက် တတိယ လူတစ်ယောက်စီ ထည့်ပေးရလိမ့်မယ် ။ သူတို့ နှစ်ယောက်ကြားမှာ နောက်ထပ်လူတစ်ယောက်စီ ဝင်လာခဲ့ရင် အနှောင့်အယှက်တွေ ဝင်လာလိမ့်မယ် ..အဲဒီတတိယလူတွေက ကျုပ်တို့ ဘက်က လူတွေပဲ..”

ဆုဂဒီ၏ အစီအစဉ်ကို မိဟေး စိတ်ဝင်စားပါသည် ။ မိဟေးတို့ ငါး

ယောက်မှာ ဆုဂဒီက ဉာဏ်အများ ဆုံးနှင့် ပရိယာယ် အကြွယ်ဆုံးဖြစ်သည် ။ ပြီးတော့ သူက စာအုပ်တွေ အဖတ်များ သူမို့ ဗဟုသုတကလည်း စုံလင်လေသည် ..။

မိပေါးသည် မျက်လုံးလေး တလက်လက်ဖြင့် ဆုဂဒီကို စိတ်ပါလက်ပါကြည့်ကာ ....

“အဲတော့ ညည်းဆိုလိုတာက မေမေနဲ့ ဦးနေလင်းရုံကြားမှာ တတိယလူ ထည့်ပေးပြီး အနှောင့်အယှက် ပေးရမယ်ဆိုပါတော့ ”

“ဟုတ်တယ် မိပေါး ...ဦးနေလင်းရုံဆီကို ကျုပ်တို့ ငါးယောက်ထဲက တစ်ယောက်က ချဉ်းကပ်ရလိမ့်မယ် ။ ရှင့် မေမေဆီကိုတော့ ဦးနေလင်းရုံ စိုးရိမ်ရလောက်တဲ့ ခပ်ချောချောဖြောင့်ဖြောင့် လူငယ်လေးတစ်ယောက်လောက် လွှတ်ပေးရမှာ ပေါ့”

“ဆုရယ်..ညည်းပြောတာကို ကျုပ်စိတ်ဝင်စားတယ်သိလား ။ ကျုပ်ရေးရေးလေး သဘောပေါက်တယ် ။ ညည်းပြောချင်တာက ဦးနေလင်းရုံကို ကျုပ်က ချဉ်းကပ်မယ် ။ မေမေ့ဆီကိုတော့ စိတ်ချရတဲ့ ရုပ်ခပ်ဖြောင့်ဖြောင့် သားသားနားနား ယောကျ်ားတစ်ယောက် လွှတ်ပေးရမယ် ။ ပြီးတော့ မေမေနဲ့ ဦးနေလင်းရုံကြားမှာ အထင်လွဲစရာတွေ ၊ မပြေလည်စရာတွေ သံသယတွေ ဝင်လာအောင် လှုပ်ရှားကြမယ် ၊ဟုတ်တယ်မလား ”

“ဟုတ်တယ် ..မိပေါး. ရန်ကုန်မှာ ကျုပ်အစ်မတွေ ရှိပါတယ် ။ အဲ့ဒါကြောင့် ပြောတာ ၊ ညည်း ဘာမှ မပူနဲ့ လို့ ။ ကျုပ်တို့ ခေါင်းငါးခေါင်း စုပေါင်းပြီး ဝိုင်းဦးနှောက်စားလိုက်ရင် ညည်းအမေနဲ့ ဦးနေလင်းရုံတို့ လွယ်လွယ်လေးပဲ ဇာတ်သိမ်းသွားကြမှာ ပါ ”

မိပေါးသည် ဆုဂဒီ ၏ အစီအစဉ်ကို သုံးသပ်ကြည့်လေသည် ။ တ

ကယ်တော့ သိပ်မလွယ်လှပါ ။ သို့သော် ကြိုးစားကြည့်ရမှာ ပေါ့ ။

"ဦးနေလင်း ရုံဆီကို ကျုပ်ကိုယ်တိုင် ပဲ ဝင်မယ် ဆု ။ ဦးနေလင်းရုံက ကျုပ်ကို တစ်ခါမှ မမြင်ဖူးဘူးတဲ့ ။ ကျုပ်ရဲ့ ဓါတ်ပုံတွေလည်း သူ ကြည့်လို့ မရအောင် အကုန်လုံးသိမ်းပြီး သော့ခတ်သိမ်းပစ်ခဲ့တယ် ။ သူ့ဆီ အနီးကပ် ဝင်ပြီး သူ ဘယ်လိုလူစားမျိုးလည်း ဆိုတာကို လေ့လာချင်သေးတယ် ။ ပြီးတော့ မမေ့ အနားကနေ အဝေးဆုံးကို လွင့်ထွက်သွားအောင် လုပ်ပစ်ချင်သေးတယ် "

မိဟေးက ထက်ထက်သန်သန်လေး ပြောလေသည် ။

"ဖြစ်ရမှာ ပေါ့ ..မိဟေးရယ် ၊ စိတ်အေးအေးသာ ထားစမ်းပါ ၊ ပျော်ပျော်သာနေ ။ ညည်း မမေနဲ့ ဦးနေလင်းရုံ ယူကို မယူစေရဘူး စိတ်ချ ။ ကျုပ်တို့ ငါးယောက်ပေါင်း လိုက်ရင် သူတို့ ဘာခံနိုင်ဦးမှာ လဲ.."

မိဟေးသည် အခုမှ ပင် စိတ်လက်ပေါ့ပါးစွာ ရယ်မောမိလေသည် ။ ကျောပိုးအိတ် ကလေးထဲမှာ ထည့်ယူလာသော ဦးနေလင်းရုံ၏ ဓါတ်ပုံကို ထုတ်၍ ကြည့်မိသည် .။ အသက်လေးဆယ်လို့ မထင်ရလောက်အောင် နုပျိုခန့်ညားသော ယောကျာ်းတစ်ယောက်၏ နက်မှောင်တောက်ပသော မျက်လုံးဝိုင်းများကို မြင်ရသောအခါ မိဟေးသည် မျက်လုံးများကို ယောင်ယမ်း၍ မှိတ်ပစ်လိုက်မိလေသည် ။

*

ရန်ကုန်ရောက်သောအခါ မိဟေးတို့ ငါးယောက်သည် ဆုဂဒီ ၏ အစ်မအိမ်သို့ တန်းတန်းမတ်မတ် သွားကြလေသည် ။ ဆု ၏ အစ်မအိမ်က ရန်ကင်းမှာ ဖြစ်သည် ။ ဆုက ကြိုတင်၍ ဖုန်းဆက်ထားသောကြောင့် အစ်မ က မိဟေးတို့ ကို အဆင်သင့် စောင့်ကြိုနေလေသည် ။

ဆု၏ အစ်မက ဆုလိုပင် ဖြူဖြူသွယ်သွယ် မျက်လုံးဝိုင်းဝိုင်းကလေး နှင့် ချစ်စရာလေး ဖြစ်သည် ။

“လာကြ…လာကြ မိဆုတို့ ..ညည်းတို့ လာမယ်ဆိုလို့ မမ စောင်နေ တာ ၊ နို့မို့ဆို မမ အပြင်ထွက်တော့မလို့ ။ ဒီနေ့ အရောင်းအဝယ်လေးတ စ်ခုရှိနေလို့ ”

ဆုဇဒီက သူ့အစ်မကို သူငယ်ချင်းများ နှင့် မိတ်ဆက်ပေးလေသည် ။

“ဟဲ့…မိဆုတို့ ငါးယောက်လုံး မမ အိမ်မှာ ပဲ တည်းလိုက်ကြပါလား ။ မမ အမျိုးသားလည်း သင်္ဘောတက်သွားတာ တစ်လလောက်ရှိပြီ ။ အိမ် မှာ ဘယ်သူမှ မရှိဘူး ။ မမ နဲ့ ကောင်မလေးပဲ ရှိတယ် ။ မိဆုတို့ ငါး ယောက်စလုံးအတွက် အခန်းတစ်ခန်း အပိုရှိတာပဲ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ကြိုက်သလောက်နေကြပေါ့ ။ မမလည်း အဖော်ရ တာပေါ့ ”

မိဆု၏ အစ်မက သွက်သွက်လက်လက် ခေတ်ဆန်ဆန်လေးပဲဖြစ် သည် ။

ယောက်ျားရှိသော မိန်းမ ဟု ပင် မထင်ရလောက်အောင် နုပျိုကြော့ မော့နေသည် .။

“ဆုအစ်မက သင်္ဘောသားကတော်ဆိုတော့ သိတဲ့ အတိုင်းပဲ ၊ သူ့ ယောက်ျား မရှိရင် သူက အပျိုပြန်လုပ်နေတာလေ။ ကလေးလည်း မရှိ ဘူးဆိုတော့ သူ တစ်ယောက်တည်း အရမ်း လွတ်လပ် တာပဲ ….အခု မမ ဇနီက ပွဲစားလုပ်နေတာလား ”

“ဒီလိုပါပဲ မိဆုရယ် ။ဟိုစပ်စပ် ဒီစပ်စပ်ပေါ့ ။ နို့မိုဆို အိမ်မှာ တစ် ယောက်တည်း အထီး ကျန်တာပဲ..”

"ကဲ..ဘယ်လိုသဘောရလဲ ၊ ကျုပ်တို့ အားလုံး မမဂနီ အိမ်မှာ ပဲ နေလိုက်ကြရအောင် "

ဆုဂဒီ မျက်လုံးပင့်ကာ မိဟေးတို့ ကို သဘောတူညီချက် တောင်းခံလေသည် ။

မိဟေးတို့ အားလုံးကလည်း တက်ညီလက်ညီပဲ သဘောတူလိုက်ကြ၏။ သီးသန့် အိမ်ငှားရန်မလိုတော့ဘဲ ဒီအိမ်ကလေးမှာ ပဲ စုကာ မိဟေးတို့ အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရုံသာ ရှိတော့သည် ။

ကံကောင်းလျှင် မမဂနီ ထံမှ အကူအညီတွေ အများကြီး ရနိုင်ပေသည် ။

"ကဲကဲ...မိဆုတို့ ခရီးပန်းလာကြရောပေ့ါ။ ရေမိုးချိုး အဝတ်အစားလဲပြီး အေးအေးဆေးဆေး နားလိုက်ကြအုံး ။ မမ အပြင်ထွက်ဦးမယ် "

မမ ဂနီ အပြင်ထွက်သွားသောအခါ မိဟေးတို့ ငါးယောက်သည် ထုံးစံအတိုင်း တစ် ယောက်ကိုတစ်ယောက် နောက်ပြောင်ကျီစယ်၍ ကျန်ရစ်ခဲ့ကြလေသည် ။

မမဂနီက နှံ့နှံ့စပ်စပ် ရှိတယ်ဟ။ သူ့ကို အကူအညီတောင်းရင် သူ့မိတ်တွေ သူငယ်ချင်းတွေထဲက ယုံကြည်စိတ်ချရတဲ့ ယောကျ်ားတစ်ယောက်ကို အကူအညီတောင်းလို့ ရချင်ရလိမ့်မယ်ဟု ဆုဂတီက ပြော၏။

"ကဲ...ပထမဆုံး အစီအစဉ်အရ ကျုပ်တို့ ဘာလုပ်ကြမလဲ "

"ပထမဆုံး အစီအစဉ်အရ ရေမိုးချိုးအပြင်ထွက်ကြမယ် ။ ဦးနေလင်းရုံကို ကျုပ်တိတ် တိတ်လေး ခိုးပြီးတော့ သွားတွေ့ချင်တယ် "

မိဟေးက ပြောလိုက်သည် ။

"အိုကေ "

သူငယ်ချင်း ငါးယောက်က ရေချိုးထဲတစ်ခုထဲမှာ ပင် တစ်စုတစ်ဝေးတည်း ရေပိုင်းချိုးကြ ကာ ခပ်သွက်သွက်အလှုပြင်ကြသည် ။ ရန်ကင်းတိုက်ခန်းကလေးဆီမှ ထွက်ခဲ့ကြလေသည် ။

မိဟေးတို့ ငါးယောက်စလုံး ရန်ကင်းနှင့် မစိမ်းကြပါ ။ ရန်ကုန်နှင့် မန္တလေးကို မကြာခဏ ကူးချည်သန်းချည် ရောက်ဖူးနေသောကြောင့် ဖြစ်သည် ။။ တက္ကစီငှားကာ လိပ်စာကဒ်မှာ လိပ်စာအတိုင်း အင်းယားမြိုင်ဘက်သို့ ထွက်ခဲ့ကြ၏ ။

"မိဟေး ...ဦးနေလင်းရုံနဲ့ တွေ့လို့ ရှိရင် ညည်းဘာလုပ်မလို့ လဲ "

"ဒီနေ့တော့ ဘာမှ မလုပ်သေးဘူး မြတ်နိုးရေ ။ ဘာလုပ်ရမလဲ ဆိုတာ ဒီနေ့ညနေကျမှ ကျုပ်တို့ အားလုံး အစီအစဉ်ဆွဲကြတာပေါ့ "

"အေး ..ကောင်းတယ် "

တက္ကစီက လိပ်စာအတိုင်း ခြံအမှတ် (....) အင်းယားမြိုင်ရှေ့တွင် ရပ်ပေးလေသည် ။

"သမီးတို့ ပြောတဲ့ လိပ်စာကတော့ ဒီခြံပဲ။ ကဲ...ဆင်းကြ မလား "

ဒရိုင်ဘာ ဦးလေး ကမေးသောအခါ ငါးယောက်သားတစ်ယောက်တစ်မျက်နှာ တစ် ယောက် ကြည့်နေကြလေသည် ။

"ဦးနေလင်းရုံက သူ့ခြံထဲမှာ သူနေမှာ ပေါ့ ။ အဲဒါကို ညည်းတို့ ကဘယ်လိုလုပ်ပြီး ကြည့်မှာ လဲ.."

"အပြင်ကို ရောက်အောင်ခေါ်ထုတ်မှာ ပေါ့ဟ.."

"အဲဒီအတွက် ကျုပ်တို့ ငါးယောက်ထဲက တစ်ယောက် ဘယ်သူ (Vol

unteer ) လုပ်မလဲ ”

“မိပဟေးရယ် ညည်းပဲတွေ့ချင်တာ ၊ ညည်းပဲ ဖော်လန်တီယာ လုပ်ပေါ့ ”

“ဟေ့အေး... ကျုပ်ကို သူတွေ့လို့ မဖြစ်သေးဘူး ၊ ဘာဖြစ်လို့ လဲဆိုတော့ နောက်ရက်တွေမှာ ကျုပ်က သူ့ဆီကိုချဉ်းကပ်ရဦးမှာ ....အဲဒီတော့ ညည်းတို့ လေးယောက်ထဲက တစ်ယောက်ခြံတံခါးဘဲလ်ကို တီးပြီး ဦးနေလင်းရုံ ရှိ မရှိသွားမေးပေး ”

“ရှိတယ် ဆိုရင်ကော ”

“ရှိတယ် ဆိုရင် သူအပြင်ထွက်လာအောင် လုပ်ပေးပေါ့...”

“ကဲ..ကဲ..ကျုပ်ပဲသွားပေးမယ် ”

မေးမေက စိတ်မြန်လက်မြန်ပီပီ တက္ကစီကားပေါ်မှ ဆင်းသွားလေသည် ။

ခြံတံခါးဘဲလ်ကို နှိပ်လိုက်သောအခါ ခြံစောင့်ကောင်ကလေး ပြေးထွက်လာ၏ ။

“ဟေ့..ချာတိတ် ။ ဒီခြံက ဦးနေလင်းရုံ ခြံလား ”

“ဟုတ်တယ် ခင်ဗျ ”

“ဦးနေလင်းရုံ ရှိလား ”

“ဟုတ်ကဲ့...ရှိပါတယ်ခင်ဗျ ”

ချာတိတ်ကလေး အပြေးထွက် သွားလေသည် ။

မိပဟေး တို့ လေးယောက်က တက္ကစီကားပေါ်မှ နေ၍ မေးမေ ဉာဏ်များ နေတာကို ကြည့်ကာ တခွိခွိ ရယ်လျှက်ရှိကြလေသည် ။

ချာတိတ်ကလေး ဝင်သွားချိန်တွင် မေးမေ က တက္ကစီကားသမားကြီးဘက် လှည့်ကာ ...

"ဦးလေးကြီး ကားကို အဆင်သင့် စက်နှိုးပေးထားနော် ။ ကျွန်မ ကားပေါ်တက်ပြီးတာနဲ့ ကားကို တစ်ရှိန်ထိုးသာ မောင်းထွက်ပေတော့ သိလား "

"ဟဲ့...မေးမေ ရှင့်လက်ထဲမှာ ဘာလက်ဆောင်မှ လဲ မရှိဘူး ၊ ဘယ်လိုလုပ်မှာ လဲ "

မိဟေးက ကားပြတင်းပေါက်မှ နေ၍ လှမ်းအော်မေးလိုက်သည် ။

"ညည်းက သူ့ကို ကြည့်ရုံလေး ကြည့်ချင်တာမှတ်လား ၊ သူထွက်လာပြီဆိုတာနဲ့ ကျုပ်က ကားပေါ်ပြေးတက်မယ် ၊ ညည်း သူ့ကို ကားပေါ်ကနေပဲ လှမ်းကြည့်ပေ့ါ "

"အေးအေး...ကောင်းပြီ "

မကြာပါ ..ခြံထဲမှ ဦးနေလင်းရုံ ထွက်လာသည် ကို မိဟေး တွေ့ရလေသည် ။ တီရှပ်အဖြူနှင့် ပြာလွင်သော ဂျင်းဘောင်းဘီကို ဝတ်ထားသောကြောင့် လူငယ်လေးတစ်ဦးလို့ ပေ့ါပါးဖျတ်လတ်ကာ နုပျိုနေသော ထိုယောကျ်ားဆီသို့ မိဟေးသည် မနာလိုခြင်းကြီးစွာဖြင့် မမှိတ်မသုန်စိုက်ကြည့်ကာ ထိုမျက်နှာကို အလွတ်ရအောင် မှတ်လေသည် ။

ထိုခဏတွင် မေးမေသည် ဟေးဟေး ဟူသော ကြောက်လန့်တကြားရယ်မောသံကြီးနှင့်အတူ ကားပေါ်သို့ ဂရုန်းသုန်းကား ပြေးတက် လာလေသည် ။ တက္ကစီ သမားကြီးကလည်း အူတိအူကြောင်ဖြင့် မေးမေ မှာထားသည့်အတိုင်း မေးမေ ကားပေါ်ရောက်တာနှင့် ကားကို တရကြမ်းမောင်းထွက်ပြေးလေသည် ။

ကားပေါ်မှာ မိပဟေးတို့ မိန်းကလေးငါးယောက် ၏ ရယ်မောသံတွေမှာ အုံးအုံးကြွက်ကြွက် ဆူညံလျှက်ရှိကြလေသည် ။

မိပဟေးသည် လည်ကလေးကို နောက်ပြန်လိမ်လျှက် ဦးနေလင်းရုံဆီသို့ ကြည့်လျှက် ပါလာသည် ။

"ရုပ်ကတော့ အပျံစားပဲဆရာ ၊ မင်းသားတောင် ရှုံးတယ် ။ ဒါကြောင့် မိပဟေး မေမေ လက်ထပ်ချင်တာဖြစ်မယ် "

ဟု မေးမေက ရယ်မောသံဖြင့် ပြောလေသည် ။

မိပဟေးသည် သက်ပြင်းကို ကျယ်လောင်စွာ ချလိုက်ပြီးလျှင် အသက်လေးဆယ် ပြည့်ခါနီးတောင် ဒီလောက်ချောနေတာ ငယ်ငယ်ကဆို သူသိပ်ချောခဲ့မှာ ပဲ ။ ဒါကြောင့် မေမေ့ရဲ့ အချစ်ကို ဦးဦးဖျားဖျား ရခဲ့တာဖြစ်မှာ ။ မေမေ က သူ့ကို သိပ်ချစ်မှာ ပဲ ။

မိပဟေးသည် ဘာကိုမှန်းမသိ အကြီးအကျယ် မနာလို ဝန်တိုလျှက်ရှိလေသည် .။

မေမေ နှင့်သူ ဘယ်လောက်ထိတောင် ရင်းနှီးတွယ်တာခဲ့ကြသလဲ။ ဖေဖေ နှင့်လက်မထပ်ခင်မေမေ့ ရဲ့ နှလုံးသားကို ဦးဦးဖျားဖျား သိမ်းပိုက်နိုင်ခဲ့သော ထိုယောကျ်ားကို ဟိုး လွန်ခဲ့သော အနှစ်နှစ်ဆယ် နောက်ပြန်ဆုတ်လျှက် မြင်ယောင်ကြည့်မိသည် ။ အဲဒီအချိန်တုန်းက သူတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြမှာ ပေါ့။

သူတို့ ဘာကြောင့် ဝေးခဲ့ ကြတာပါလိမ့် ။

မိပဟေးသည် မေမေနှင့် ဦးနေလင်းရုံတို့ ၏ ဇာတ်လမ်းကို စိတ်ဝင်စားသလို ရှိလာသည် မို့ ခေါင်းကလေးကို ခါယမ်းကာ ပုတ်ထုတ်ပစ် လိုက်လေသည် ။

ဟင့်အင်း… အဲဒါကို စိတ်ဝင်စားဖို့ မလို ။ မိပျော့ စိတ်ဝင်စားရမှာက မိပျော့ သိပ်ချစ်သော မေမေ နှင့် သူ၏ အချစ်ဦး ယောကျ်ားဆိုသော ဦးနေလင်းရုံတို့ ဝေးသွားကြဖို့ ပဲဖြစ်သည် ။

မိပျော့တို့ သူငယ်ချင်းငါးယောက်စလုံး တစ်ညလုံး မအိပ်ကြပဲ တစ်ယောက်တစ်ပေါက် ဝေဖန်ညှိနှိုင်းအကြံထုတ်ကြခြင်း၏ ရလဒ်ကတော့ အရုဏ်တက်ခါနီးအချိန်လောက်တွင် မိပျော့တို့ ဘာလုပ်ရမည်ဆိုတာကို စနစ်တကျ အစီအစဉ်ဆွဲပြီး သွားနိုင်ခြင်းဖြစ်လေသည် ။

မိပျော့တို့ ကံကောင်းသွားသည် က မိပျော့တို့ အုပ်စုထဲတွင် မမဂနီ ပါလာခြင်းပဲဖြစ်သည် ။ မပျော့နှင့် မေမေရဲ့ ပဋိပက္ခကို အစအဆုံး သိသွားချိန်တွင် မမဂနီကလည်း မိပျော့ဘက်က ပါဝင်ကူညီဖို့ ကတိပေး၏ ။

“အေးလေ…ငယ်ချစ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ပေါ့ဟယ် ။ မိပျော့က အပျိုရွယ်လေး ရောက်နေပြီ။ ပထွေးနဲ့ အတူ နေလို့ ဘယ်သင့်တော်ပါ့မလဲ ။ မရ ရအောင် ခွဲရမှာ ပေါ့ ။ အဲဒီအတွက် မပူနဲ့ မိပျော့ ။ မမဂနီ ရဲ့ အသိတွေထဲမှာ ရုပ်အရမ်းဖြောင့်တဲ့ မော်ဒယ်ဘွိုင်းတွေ ရှိတယ် ။ တချို့ကတော့ နည်းနည်းရှုပ်တာပေါ့ဟယ် ။ သိတယ်မလား ။ ရုပ်ခပ်ဖြောင့်ဖြောင့်ကလေးဆိုတော့ အသက်ကြီးကြီး အမျိုးသမီးတွေနဲ့ ဘာလိုလို ညာလိုလို ဇာတ်လမ်းရှုပ်ပြီး သူတို့ ကောင်းကောင်း ဝတ် ကောင်းကောင်း စားလို့ ရအောင် ကြံဖန်တာမျိုးလည်း ရှိတာပေါ့ ။ ခပ်ရိုင်းရိုင်းပြောရရင်တော့ ချူစားတာပေါ့ဟာ …. မိပျော့ ခိုင်းချင်တဲ့ အလုပ်ကို လုပ်ရဲဖို့ ဆိုတာကလည်း အဲဒီလို စရိုက်မျိုးရှိတဲ့ ယောကျ်ားမျိုးမှ ဖြစ်မှာ …ဒါပေမဲ့ မမဂနီ ရဲ့ အသိဆိုတော့ သိပ်တော့ မစိုးရိမ်ရဘူးပေါ့ ။ သူ့ကို ဇာတ်လမ်းအစအဆုံး ပြောပြပြီး အကူအညီတောင်းရမှာ ပေါ့ ။ အဲဒီ

အတွက် မပူနဲ့ မိဟေး ။ မမ အားလုံးတာဝန်ယူတယ် ။ မမ မှာ မိတ်ဆွေကောင်လေးတစ်ယောက်တော့ရှိတယ် ။သူက နည်းနည်းတော့ နာမည်ကြီးတယ် ၊ ခုနက ပြောတဲ့ အမျိုးသမီးတွေနဲ့ နည်းနည်းရှုပ်တတ်တဲ့ သဘောမျိုးပေ့ါလေ။ ဒါပေမဲ့ စိတ်ကောင်းတော့ ရှိတယ် ။ မမ သူ့ကို အကူအညီတောင်းရင် သူ ကူညီပေးမှာ ပါ ”

ဦးနေလင်းရုံကို ချဉ်းကပ်ဖို့ တာဝန်ကိုတော့ မိဟေးက ပဲ တာဝန်ယူလေသည် ။

ဒုတိယအစီအစဉ်အဖြစ် မိဟေးသည် ဦးနေလင်းရုံ ရှိရာသို့ ပဟေဠိတစ်ခုအနေဖြင့် သူ မရိပ်မိအောင် ညင်သာပါးနပ်စွာ ချဉ်းကပ်ရမည်ဖြစ်သည် ။

မိဟေးထက် အသက်နှစ်ဆယ်ခန့် ပို၍ ကြီးရင့်သော ယောကျ်ားတစ်ယောက်ထံသို့ ဘယ်လိုပရိယာယ်မာယာမျိုးဖြင့် ချဉ်းကပ်ရမည်ဆိုတာကို မိဟေး ကောင်းစွာနားမလည်သေးပါ။ သို့သော် မိဟေး၏ ရင်ထဲတွင် ထူးဆန်းပြင်းပြသော ရင်ခုန်စိတ်လှုပ်ရှားမှုမျိုး ရှိနေခဲ့သည် ။

အဲဒါက မေမေ့၏ အချစ်ဦးသော ယောကျ်ားတစ်ယောက်ကို မေမေနှင့် လက်မထပ်ဖြစ်အောင် ခွဲခွာတားဆီးဖို့ ဆန္ဒတစ်ခုသာဖြစ်သည် ။

*